## ၉။ ကော်ဖီလက်သမားပိုး

**Coffee carpenter: *Zeuzera coffeae* (Nietner, 1861)**

**Lepidopetra :Cossidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





ဥများကို အပင်အခေါက်၏မြောင်းငယ်များတွင် ဥလေ့ရှိသည်။ လောက်ကောင်များသည် လိမ္မော်နီရောင်ရှိသည်။ အကောင်ကြီး၏ ရင်အုပ်ပိုင်းတွင် အနားသတ်နား၌ နက်ပြာရောင်အစက်လေးဆက်ပါရှိသည်။ ရှေ့အတောင်များသည် အဖြူရောင်ဖြစ်ပြီး အများအားဖြင့် အတောင်ကြောများကြားတွင် မြောက် များလှစွာသော အပြာရောင်အစက်များပါရှိကာ တခါတရံအတောင်၏အလယ်တွင် ကြီးမားသော အစက်တစ်ခုပါရှိသည်။ ဝမ်းဗိုက်သည် အပြာရောင်ဖြစ်သည်။

### ဖျက်ဆီးပုံလက္ခဏာများ






လောက်ကောင်သည် အပင်၏အကိုင်းများနှင့် အကိုင်းများအတွင်းတွင် ထွင်းဖောက်ဝင်ရောက် စားသောက်သဖြင့် အရွက်များညှိုးနွမ်းသွားပြီး အကိုင်းများပါသေသွားသည်။ အပင်အ

တွင်းပိုင်းတွင် ထိုးဖောက်စားသောက်သဖြင့် အကိုင်းများနှင့် ကိုင်းငယ်များ လျင်မြန်စွာ ညှိုးနွမ်းသွားကာ နောက်ပိုင်းတွင် ကျွတ်ဆတ်လာပြီး ကျိုးကျသွားသည်။ ထို့ပြင် အပေါက်များအား သိသာစွာမြင်တွေ့နိုင်ပြီး ၄င်းအပေါက်များမှ မစင်များကိုထုတ်လွှတ်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၉-၃၀)ရက် |
| ပိုးမသည်အဆင့် | - (၇၃-၂၀၅)ရက် |
| ရုပ်ဖုံး အဆင့် | -(၁၉-၃၆)ရက် |
| အကောင်ကြီးအဆင့် | -(၂-၆)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ကိုင်းသေကိုင်းခြောက်များ နှင့် သေနေသော အပင်လောင်းများအား ဖယ်ရှားခြင်း၊ မီးရှို့ခြင်းများပြုလုပ်ပါ။

(၂)ဖျက်ပိုးကျရောက်မှုအား မျက်ချေမပြတ်ကွင်းဆင်းကင်းထောက်ပါ။

(၃) ပိုးဖျက်ဆီးထားသောကိုင်းများအားခုတ်ပါ။

(၄) ပင်စည်အတွင်းသို့ဆေးထိုးထည့်ပါ (သို့)ပိုးသတ်ဆေးစွပ်ထားသော ဂွမ်းကိုပင်စည် ထဲသို့ထိုးထည့်ပါ။

- ဖစ်ပရိုနေး (Fipronil)
- ဒိုင်မီသိုရိတ် (Dimethoate)

(၅)အလူမီနီယမ်ဖော့စဖိုက် **(**Aluminium Phosphide) ဆေးပြားများအား ပင်စည်အခေါက်ထဲထည့်ပြီး အပေါ်မှနွားချေးအုံပေးပါ။

(၆)လတ်ဆတ်သောနွားချေးနှင့်မြေနီရော၍ပင်စည်အားသုတ်လိမ်းပြီးပတ်တီးစည်းပေးပါ။

(၇)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး ၃ဂျီအာ (Fipronil 3GR), ကာဘိုဆာလဖန် ၅ဂျီ(Carbosulfan 5G) ထည့်ပါ။

ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို စနစ်တကျလိုက်နာ ခူးဆွတ်ပါ။